# ဖြည့်စွက်ပုံနမူနာ

အမျိုးသားပင်စင်အာမခံကြေးကင်းလွတ်ခွင့်/ ငွေပေးရေးရန်ဆိုင်းငံ့မှု လျှောက်ထားခြင်းပုံစံနမူနာဖြစ်သည်။ အမျိုးသားပင်စင်အာမခံကြေးကင်းလွတ်ခွင့်/ ငွေပေးရေးရန်ဆိုင်းငံ့မှုလျှောက်လွှာတွင်သင်ဖြည့်စွက်ရေးသားရမည့်အပိုင်းသည်**မှင်နီ** ဖြင့်ရေးထားသောအပိုင်းဖြစ်သည်။ (ဂျပန်ဘာသာ သို့မဟုတ်အင်္ဂလိပ်အက္ခရာဖြင့် ဖြည့်စွက်ရေးသားပါ။) အကယ်၍ ဖြည့်စွက်ထားသည့်အချက်များနားမလည်မပြည့်စုံပါကဂျပန်ဘာသာဖြင့်ဖြည့်စွက်ရေးသားမှုကို တောင်းဆိုကောင်းတောင်းဆိုလိမ့်မည်ဖြစ်သည်။

လျှောက်လွှာတင်သည့် ရက်စွဲ (နှစ်/လ/ရက်)၊ သင်လျှောက်လွှာတင်သည့်နေ့တွင် လက်ရှိနေထိုင်နေသော သင်၏နေရပ်လိပ်စာ၊ သင်၏အမည်ကို သင်၏နိုင်ငံကူးလက်မှတ် အတွင်း ပြထားသည့်အတိုင်း ရိုမန်အင်္ဂလိပ်အက္ခရာများဖြင့် ဖြည့်သွင်းပါ။

နံပါတ် ①တွင် ဂဏန်း 12 လုံးပါသည့် "My Number" (ဂျပန်နိုင်ငံအတွင်း သင်၏ သီးသန့်နံပါတ်) သို့မဟုတ် ဂဏန်း 10 လုံးပါသည့် အခြေခံပင်စင်နံပါတ်ကို ဖြည့်သွင်းပါ။ အခြေခံပင်စင်နံပါတ်အတွက် ဘယ်ဖက်တွင် ကပ်ပြီးရေးပါ။

သင်၏အမည်ကို③တွင်၊ သင်၏အိမ်ထောင်ဖက်ကို⑤တွင်၊ အိမ်ထောင်ဦးစီး(*)၏အမည်ကို ⑦တွင် ဖြည့်ပါ။ (ယခုနှစ်အတွက် လျှောက်ထားလိုပါက ယခုနှစ်၏ ၊ ယခင်နှစ်များအတွက်လျှောက်ထားလိုပါက ထိုနောက်ဆုံးကာလ ၏သင်၊ သင်၏အိမ်ထောင်ဖက်၊ အိမ်ထောင်ဦးနာမည်ကိုဖြည့်စွက်ပါ။

ဥပမာ။ ။ 2023ခုနှစ်အတွက်လျှောက်ထားလိုပါက 2024 ခုနှစ်၊ ဇွန်လ 30ရက်နေ့မှ နာမည်များကို ဖြည့်ပါ။)

(*)အိမ်ထောင်ဦးစီးသည် - ရပ်ကွက်ထောက်ခံစာပါအိမ်ထောင်စု၏အိမ်ထောင်ဦးနာမည်ဖြစ်ရမည်။

(*)အိမ်ထောင်ဦးစီးသည် - ရပ်ကွက်ထောက်ခံစာပါအိမ်ထောင်စု၏အိမ်ထောင်ဦးနာမည်ဖြစ်ရမည်။

ပြီးခဲ့သည့်ဒီဇင်ဘာ 31 ရက်မှ လျှောက်လွှာတင်သည့်နှစ်အတွင်း သင်၊ သင်၏အိမ်ထောင်ဖက်၊ သို့မဟုတ်အိမ်ထောင်ဦးစီးတွင် 16နှစ်မှ 18 နှစ်အတွင်း မှီခိုနေသည့်မိသားစုဝင်များရှိပါက⑪တွင် ဖြည့်ပါ။

သုံးလိုင်းရှိပါသည်။ ပထမအကြောင်းသည် သင့်အကြောင်း။ ဒုတိယအကြောင်းသည် သင့်အိမ်ထောင်ဖက် အကြောင်း။ တတိယအကြောင်းသည် သင့်အိမ်ထောင်ဦးစီး အကြောင်း။

ဥပမာ၊ အကယ်၍ သင်၏အိမ်ထောင်ဦးစီးတွင် မှီခိုနေသောမိသားစုဝင်တစ်ဦး ရှိပါက တတိယစာကြောင်း၏ထိပ်နှင့် "あり" (ဟုတ်ကဲ့) ကိုစက်ဝိုင်းနှင့် ဝိုင်း၍ ညာဘက်ရှိ ()တွင် 1 ကိုထည့်ပါ။

အခြေခံအားဖြင့်သင်သည် ကင်းလွတ်ခွင့် သို့မဟုတ် ရွှေ့ဆိုင်းလိုပါက လျှောက်လွှာကို ဇူလိုင်လတွင် တင်ရန်လိုအပ်သည်။ သို့သော် လာမည့်နှစ်အတွက် ပြင်ဆင်လိုပါက ⑬တွင် ရေးပါ။

၁။ သင်သည် ယခုနှစ်အတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် ရွှေ့ဆိုင်းခြင်း ခွင့်ပြုချက်ရထားပြီး လာမည့်နှစ်အတွက်လဲ ဆက်လက် လျှောက်ထားနိုင်သည်ဆိုပါက လျှောက်ထားလိုပါသလား။

မလိုပါက ကျေးဇူးပြု၍ ညာဘက်ရှိအကွက်ထဲတွင် 希望しません ကိုဝိုင်းပါ။

၂။ ထို့အပြင်၊ သင်သည် ယခုနှစ်အတွက် အခွန်ကင်းလွတ်ခွင့် ခွင့်ပြုချက်ရထားပြီး လာမည့်နှစ်အတွက်လဲ ဆက်လက် ရရှိမည်ဆိုပါက လျှောက်ထားလိုပါသလား။

မလိုပါက ကျေးဇူးပြု၍ ညာဘက်ရှိအကွက်ထဲတွင် 希望しません ကိုဝိုင်းပါ။

*အသေးစိတ်များသိလိုပါက JPS ရုံးခွဲ သို့မဟုတ် ရပ်ကွက်၊ခရိုင်၊မြို့နယ်ရုံးတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပုံစံ၏ပထမအပိုင်းတွင် သင်သည် အာမခံထားသူနှင့်လျှောက်ထားသူအနေဖြင့် အာမခံကင်းလွတ်ခွင့် သို့မဟုတ် ရွှေ့ဆိုင်းရန်လျှောက်ထားကြောင်းဖော်ပြသည်။
သင်၊ သင်၏အိမ်ထောင်ဖက်နှင့်သင့်အိမ်ထောင်ဦးစီး၏ အကြောင်းအချက်အလက်များကို ပြည့်စုံမှန်ကန်ကြောင်းကိုလည်း ဤနေရာတွင်ဖော်ပြပါ။
သင်၏လျှောက်လွှာကိုစစ်ဆေးရန်လိုအပ်သည့် ဝင်ငွေအပါအဝင်ကိုယ်ရေးကိုယ်တာအချက်အလက်များကို မျှဝေရန် ဂျပန်ပင်စင်ဝန်ဆောင်မှု (JPS) နှင့်မြူနီစီပယ်ရုံးများကို လွှဲအပ်ကြောင်း အတည်ပြုသည့် ကော်လံဖြစ်သည်၊




②တွင် သင်၏ဖုန်းနံပါတ်ကိုဖြည့်စွက်ပါ။ ဖုန်းအမျိုးအစားကို ရွေးချယ်ပါ။
1. အိမ်ဖုန်း 2. ဟန်းဖုန်း 3. ရုံးဖုန်း 4. အခြား
④တွင် မွေးသက္ကရာဇ်ကိုဖြည့်ပါ။ ⑥တွင် အိမ်ထောင်ဖက်၏ မွေးသက္ကရာဇ်ကိုဖြည့်ပါ။

သင်နှင့် သင့်အိမ်ထောင်ဖက်သည် လျှောက်လွှာတင်သည့်နှစ်၏ 1လပိုင်း1ရက်နေ့တွင် ဂျပန်နိုင်ငံမဟုတ်ပဲ တစ်ခြား နိုင်ငံတွင် ရှိနေခဲ့ပါက ထိုနိုင်ငံ၏အမည်ကို ⑧တွင်ဖြည့်စွက်ရေးသားပါ။ (ဥပမာ။ ။ သင်သည် လက်ရှိဂျပန်နိုင်ငံတွင် 2024/7/1 မှစ၍ ပြန်လည် နေထိုင်လျက်ရှိပြီး 2024 ခုနှစ်1လပိုင်း1ရက်နေ့တွင်အမေရိကန် နိုင်ငံတွင်နေထိုင်ခဲ့က 2024ခုနှစ်အတွက် လျှောက်လွှာတင်လိုပါက သင်၏နာမည်နှင့် အမေရိကန် နိုင်ငံကိုရေးသားဖြည့်စွက်ပါ။)

သင့်အိမ်ထောင်ဖက်သည် လျှောက်လွှာတင်သည့်နေ့ (ယခင်နှစ်အတွက်လျှောက်ခြင်းဖြစ်ပါက လျှောက်လွှာတင်သည့်နှစ်၏ ဇွန်လ 30ရက်) တွင် ဂျပန်နိုင်ငံရှိ အခြားလိပ်စာတွင် နေထိုင်ခဲ့ပါက ထိုလိပ်စာကို ဖြည့်ပါ။

သင်၊ သင့်အိမ်ထောင်ဖက် သို့မဟုတ် အိမ်ထောင်ဦးစီးသည် ⑩ တွင် ဖော်ပြထားသော လျှောက်ထားနှစ်အတွင်း နိုင်ငံရပ်ခြားသို့/မှ ပြောင်းရွှေ့သွား/လာခဲ့ပါက ⑧ တွင် သက်ဆိုင်ရာအမည်၊ ရက်စွဲနှင့် နိုင်ငံကို ရိုက်ထည့်ပါ။ (ဥပမာ၊ အကယ်၍ သင်သည် အမေရိကန်နိုင်ငံမှ ဂျပန်နိုင်ငံသို့ 2024/11/1 တွင် ပြောင်းရွှေ့ခဲ့ပါက "(သင်၏အမည်) သည် အမေရိကန်နိုင်ငံမှ 2024/11/1 နေ့တွင် ပြောင်းရွှေ့ခဲ့သည်" ဟု ဖြည့်ပါ။)

သင် အာမခံကြေးကင်းလွတ်ခွင့် သို့မဟုတ် ရွှေ့ဆိုင်းခွင့် လျှောက်ထားလိုသော ခုနှစ်(ဂဏန်း4လုံး)ကို ဖြည့်စွက်ရေးသားပါ။
လျှောက်လွှာနှစ်သည် ထိုနှစ်၏ဇူလိုင်လ မှနောက်နှစ်ဇွန်လ အထိဖြစ်သည်။
(ဥပမာ) 2024 ခုနှစ်တစ်နှစ်တာအတွက် ⇒ 2024 ခုနှစ်ဇူလိုင်လမှ 2025 ခုနှစ်ဇွန်လအထိ

ယခင်နှစ်များအတွက် လျှောက်ထားလိုပါက လျှောက်လွှာတင်သည့်နေ့မှစတင်၍ လွန်ခဲ့သော25လ အတွက် လျှောက်နိုင်သည်။ သို့သော် 25လအတွင်းရှိ အာမခံကြေး ပေးဆောင်ပြီးသည့် လများအတွက်မူ ထပ်မံ လျှောက်ထား၍ မရနိုင်ပါ။

သင်၊ သင့်အိမ်ထောင်ဖက် သို့မဟုတ် အိမ်ထောင်ဦးစီးသည် အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် အာမခံကင်းလွတ်ခွင့်လျှောက်ထားလိုလျှင် ဥပမာ။ ။<u>ကုမ္ပဏီမှနုတ်ထွက်လိုက်သည့်နေ့၏ နောက်နေ့</u> (yyyy / mm / dd) ကိုရိုက်ထည့်ပါ။ ဆိုလိုသည်မှာ ⑫တွင်ပထမဆုံးအလုပ်လက်မဲ့ဖြစ်သည့်နေ့ကိုဖြည့်ပါ။ သင့်အချက်အလက်များကိုပထမစာကြောင်းတွင်၊ သင့်အိမ်ထောင်ဖက်၏ အချက်အလက်များကို ဒုတိယလိုင်းတွင်၊ အိမ်ထောင်ဦးစီး၏ အချက်အလက်များကို တတိယစာကြောင်းတွင်ထည့်ပါ။

အကယ်၍ သင်နုတ်ထွက်ခြင်းမပြုမီ သင်တို့တစ်ဦးဦးတွင် အလုပ်အကိုင်အာမခံရှိထားပါက မြှားအမှတ်အသား၏ ညာဘက်ခြမ်းတွင်ရှိသော"あり" (ဟုတ်ကဲ့) ကိုဝိုင်း၍ အာမခံသက်ရောက်မှုဆိုင်ရာ သက်သေအထောက်အထားများကိုတင်ပြပါ။